## သတင်းထုတ်ပြန်ချက်

၁။ အိန္ဒိယသမုဒ္ဒရာနှင့် မလက္ကာရေလက်ကြားတို့တွင် ရုတ်တရက်ဖြစ်ပေါ်လာသည့် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လှေစီးဒုက္ခသည်များပြဿနာသည် အရှေ့တောင်အာရှ ဒေသအတွင်း ၂၀၁၅ ခုနှစ်၊ မေလ အလယ်ပိုင်းမှစတင်၍ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့အား ဂယက်ရိုက်လှုပ်ရှားစေခဲ့ ပါသည်။

၂။ ယင်းကိစ္စများဖြစ်ပေါ်သည့် အချိန်ကာလအတွင်းမှာပင် နော်ဝေနိုင်ငံ၊ အော်စလိုမြို့ ၌ ၂၆-၅-၂၀၁၅ ရက်နေ့တွင် "The Oslo Conference to End Myanmar's Persecution of Rohingyas" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပါသည်။ အော်စလို ဆွေးနွေးပွဲသို့ မစ္စတာ ဂျော့ဆိုရော့စ်၊ ဒေါက်တာ မဟာသီယာ မိုဟာမက်၊ ဒေါက်တာ ဆာအဒ် ဟာမစ်ဒ် အယ်လ်ဘာ နှင့် ဒက်စ်မွန်တူးတူးတို့မှ ကြိုတင်ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်မှ တစ်ဆင့်လည်းကောင်း၊ လူကိုယ်တိုင်တက်ရောက်၍လည်းကောင်း မိန့်ခွန်းပြောကြားခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

၃။ ယင်းတို့၏ပြောကြားချက်များတွင် မြန်မာနိုင်ငံအနေဖြင့် ရခိုင်ဒေသရှိ အသိုက် အဝန်း နှစ်ခုအကြား ဆောင်ရွက်ပေးနေသည့် ယုံကြည်မှုပြန်လည်တည်ဆောက်ရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအတွက် အစီအမံများ၊ မြန်မာနိုင်ငံအတွင်း ယခင် နှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့သည့် ဘင်္ဂါလီများအား နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် တရားဝင် နိုင်ငံသားဖြစ်ခွင့်ရရှိရန်ဆောင်ရွက်နေမှု၊ ရေရှည်တွင် အသိုက်အဝန်းနှစ်ခုအကြား ခိုင်မာ မှန်ကန်သည့် အထောက်အထားများဖြင့် လက်တွဲ နေထိုင်သွားနိုင်ရန် အစီအမံတို့ကို လစ်လျူရှု ပြစ်တင်ဝေဖန်မှုများကို ပြုလုပ်ခဲ့ပါသည်။ ဤသို့ အပြုသဘောမဆောင်သည့် ၎င်းတို့၏ ပြောကြားချက်များကို ကန့်ကွက်ပါသည်။

၄။ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့်အတူ လက်တလောဖြစ်ပေါ်နေသည့် လှေစီး ဒုက္ခသည်များပြဿနာကို လက်တွဲဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ တစ်နိုင်ငံချင်း အနေဖြင့်လည်း မိမိတို့တတ်နိုင်စွမ်းသ၍ လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာပံ့ပိုးမှုများကို ပေးအပ်ခြင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း များကိုလည်း ပြုလုပ်လျက် ရှိပါသည်။

၅။ ထို့ပြင် ၂၉-၅-၂၀၁၅ ရက်နေ့တွင် ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ပြုလုပ်ခဲ့သည့် အိန္ဒိယ သမုဒ္ဒရာအတွင်း ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အထူးအစည်း အဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး၊ ဒေသတွင်းနိုင်ငံများနှင့်အတူ လူမှောင်ခိုထုတ်မှု၊ လူကုန်ကူးမှုနှင့် ဆက်စပ် နိုင်ငံဖြတ်ကျော်မှုခင်းများအား ရေတို/ရေရှည်တွင် ထိရောက်စွာ ပူးပေါင်းဖြေရှင်း သွားနိုင်ရန် အမြင်ချင်းဖလှယ်နှီးနှောမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ နိုင်ငံတစ်နိုင်ငံကို ဦးတည်ပြစ်တင်ဝေဖန်မှုများ ပြုလုပ်နေခြင်းထက် လူသားချင်းစာနာ ထောက်ထားမှုကိစ္စများကို

ဦးစားပေး ပူးပေါင်းဆောင်ရွက်ရန်နှင့် သက်ဆိုင်သည့် နိုင်ငံ များတွင် ဖွံ့ဖြိုးရေး အကူအညီများ ပေးရေးအတွက်ကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ဦးတည်ဆွေးနွေးခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ လူမှောင်ခိုကူးသူများနှင့် လူကုန်ကူးသူများ၏ အမြတ်ထုတ်မှုကြောင့် ထိခိုက်ခံစားနေရသည့် လှေစီးဒုက္ခသည်များအား လူသားချင်းစာနာမှုဆိုင်ရာ စိတ် သဘောထားရှိ၍ ထောက်ပံ့ရေးနည်းလမ်းများ ရှာဖွေကူညီရန် လိုအပ်လျက်ရှိချိန်တွင် နိုင်ငံတစ်နိုင်ငံအပေါ် တစ်ဘက်သတ်ဖိအားပေး အပြစ်ပုံချသည့် အပြုအမူများသည် မြန်မာနိုင်ငံအပါအဝင် သက်ရောက်ခံနိုင်ငံများ၏ လတ်တလောကြိုးပမ်းမှုများကို သေးသိမ်ရာရောက်စေပြီး နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုများ ဖြစ်စေနိုင်သဖြင့် တစ်ဖက်စောင်းနင်းနိုင်သော အဆိုးမြင် ပြောကြားချက်များအားလုံးကို မြန်မာနိုင်ငံက ပယ်ချပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၅ခုနှစ်၊ မေလ ၃၀ ရက်